
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## ဂိဒေါင်နှင့်လူ ၃၀၀ 3.09

## တရားသူကြီးမှတ်စာ ၇

ရက်စက်တဲ့မိဒျန်လူတွေလက်က ကယ်တင်ဖို့ ဣသရေလလူမျိုးတွေဟာ ဘုရားသခင်ကို ဆုတောင်းကြပါတယ်။ ဣသရေလလူမျိုးတွေဟာ ဘုရားသခင်ကို နာခံခြင်းမရှိတဲ့အတွက်ကြောင့် သူတို့အပေါ်မှာမိဒျန်လူတွေအုပ်စိုးခွင့် ဘုရားခွင့်ပြုခဲ့တယ်။ သူတို့ကိုကယ်တင်ပေးဖို့ ဘုရာသခင်ဆီအော်ဟစ်ဆုတောင်းကြတဲ့အခါ သူတို့ကိုကယ်တင်ဖို့ ဂိဒေါင်ကို ဘုရားသခင်ရွေးချယ်ခဲ့တယ်။ ဣသရေလလူမျိုးတွေ ဘုရားကိုနာခံခြင်းမရှိကြပေမယ့်လည်း ဘုရားသခင်က သူတို့ကိုဆက်ချစ်နေတယ်။ သူတို့ဟာ သူ့ရဲ့လူဖြစ်နေဆဲပဲ။

ဂိဒေါင်ဟာ ဘုရားသခင်ဆီမှာ သက်သေတောင်းခဲ့တယ်။ ဣသရေလလူမျိုးတွေကို ကယ်တင်ဖို့စေခိုင်းတာသိဖို့ ဘုရားသခင်ဆီက သက်သေကို သူလိုချင်ခဲ့တယ်။ သူတောင်းတဲ့သက်သေတွေကို ဘုရားသခင်ပေးခဲ့တယ်။ အခုအချိန်မှာတော့ ဂိဒေါင်ဟာ စစ်ပွဲအတွက် အဆင်သင့်ဖြစ်နေပါပြီ။

မိဒျန်လူတွေနဲ့တိုက်ဖို့ ဂိဒေါင်ဟာ လူ ၃၂၀၀၀ ကိုခေါ်သွားပါတယ်။ “သင့်တပ်မှာ စစ်သားများလွန်းတယ်။ အကယ်လို့ မိဒျန်လူတွေကို အနိုင်ရခဲ့ရင် ကိုယ့်ခွန်အားကြောင်းအနိုင်ရတာလို့ ဣသရေလလူမျိုးတွေကပြောကြလိမ့်မယ်။ သင့်လူတွေထဲမှာ ကြောက်တဲ့သူတွေကို အိမ်ပြန်ကြဖို့ ပြောပါ” လို့ ဘုရားသခင်က ဂိဒေါင်ကို ပြောပါတယ်။ ကြောက်တဲ့သူတွေအိမ်ပြန်ကြဖို့ပြောတဲ့အခါ စစ်သား ၂၂၀၀၀ ဟာ အိမ်ပြန်သွားကြတဲ့အတွက် ၁၀၀၀၀ သာ စစ်တိုက်ဖို့ကျန်ခဲ့တယ်။ ဂိဒေါင်ရဲ့လူတွေအတွက် ထပ်ပြီးဘုရားသခင်က ညွှန်ကြားပါတယ်။ “ရေဆိပ်ကို သင့်လူတွေခေါ်သွားပါ၊ သူတို့ကို စမ်းသပ်စရာ ရှိတယ်” လို့ ဘုရားသခင်က ဂိဒေါင်ကိုပြောပါတယ်။

ဂိဒေါင်ဟာ သူ့လူတွေကို ရေဆိပ်ဆီခေါ်သွားပါတယ်။ “ရေသောက်ဖို့ပြောလိုက်ပါ” လို့ ဘုရားသခင်ကပြောတယ်။ “ရေကိုလက်နဲ့ ခပ်ယူပြီး ခွေးတွေလျက်သောက်သလို လျက်သောက်တဲ့လူတစ်စုနဲ့ ဒူးထောက်ပြီးရေကိုပါးစပ်နဲ့သောက်တဲ့လူတစ်စုဆိုပြီး သီးခြားခွဲထားပါ” လို့ ဘုရားသခင်က ဂိဒေါင်ကို ပြောတယ်။ ရေကိုလက်နဲ့ခပ်ပြီးခွေးလိုလျက်သောက်တဲ့လူ သုံးရာရှိတယ်။ ကျန်တဲ့သူတွေကတော့ ဒူးထောက်ပြီးသောက်တဲ့သူတွေဖြစ်တယ်။

“ရေကိုလက်နဲ့ခပ်ယူသောက်တဲ့လူ ၃၀၀ အားဖြင့် ဣသရေလလူတွေကို ငါကယ်တင်မယ်။ မိဒျန်လူတွေကို သင်အောင်မြင်လိမ့်မယ်။ ကျန်တဲ့သူတွေ အားလုံးကို အားလုံးကိုအိမ်ပြန်ခိုင်းလိုက်ပါ” လို့ ဘုရားသခင်က ဂိဒေါင်ကိုပြောတယ်။

အိမ်ပြန်သွားတဲ့လူတွေဆီကနေ တံပိုးခရာတွေ၊ အစားအစာနဲ့လိုအပ်တာတွေကိုယူပြီး ကျန်တဲ့လူသုံးရာကိုပေးလိုက်တယ်။ “မိဒျန်တွေရဲ့စခန်းဆီကို သွားပါ” လို့ ဘုရားသခင်က ပြောတယ်။ “မိဒျန်လူတွေကို သင်တို့လက်ထဲပေးပြီ” လို့ ဂိဒေါင်က သူ့လူတွေကိုပြောတယ်။

ဂိဒေါင်ဟာ သူ့လူတွေကို အုပ်စုသုံးစုခွဲလိုက်တယ်။ တစ်ယောက်စီကို တံပိုးခရာ၊ အိုးနဲ့မီးတိုင်တစ်ခုစီပေးတယ်။ “ငါ့ကိုကြည့်ပြီး ငါလုပ်တဲ့အတိုင်း လိုက်လုပ်ကြပါ။ ငါနဲ့အတူလိုက်လာသူတွေအားလုံး တံပိုးမှုတ်ကြရင်၊ သင်တို့အားလုံးလည်း တံပိုးမှုတ်ကြပြီး၊ “ထာဝရဘုရားနဲ့ဂိဒေါင်ရဲ့ဓား” လို့ ကြွေးကြော် ကြပါ။”

ဂိဒေါင်နဲ့သူ့လူတစ်ရာဟာ မိဒျန်တပ်စခန်းနားကို သွားကြတယ်။ သူတို့ဟာ တံပိုးမှုတ်ကြပြီး၊ အိုးကိုရိုက်ခွဲကြတယ်။ ပြီးတော့ မီးတိုင်ကို ကိုင်ပြီး “ထာဝရဘုရားနဲ့ဂိဒေါင်ရဲ့ဓား” လို့ အော်ကြတယ်။ သူတို့အားလုံး အိုးတွေခွဲကြ၊ မီးတိုင်ကိုကိုင်ပြီး၊ တံပိုးမှုတ်ကြ တဲ့အခါ မိဒျန်လူတွေဟာ ဆူညံအသံတွေကြောင့် အံ့ဩထိတ်လန့်ရှုပ်ထွေးကြပြီး၊ အချင်းချင်းပြန်တိုက်ခိုက်ကြတယ်။ ဂိဒေါင်ရဲ့တပ် ဟာ ခေါင်းဆောင်တွေကို ဖမ်းဆီးရမိပြီး သူတို့ဟာ စစ်ပွဲအောင်ကြတယ်။

ဂိဒေါင်ဟာ ဘုရားစကားကိုနားထောင်ပြီး လိုက်နာခဲ့တယ်။ ဂိဒေါင်ရဲ့စစ်တပ်ကိုဘုရားသခင်ဦးဆောင်ပြီး ဣသရေလလူမျိုးတွေကို ကယ်တင်ခဲ့တယ်။ ဂိဒေါင်ရဲ့အုပ်စိုးတဲ့ကာလဟာ နှစ်ပေါင်းလေးဆယ်ကြာခဲ့ပြီး ငြိမ်းချမ်းသာယာခဲ့တယ်။

ဘုရားသခင်ရဲ့စကားကိုနားထောင်ပြီး၊ နာခံတဲ့အခါ ဂိဒေါင်ကဲ့သို့ပဲ ကြုံရတဲ့အခြေအနေ့စိန်ခေါ်မှုတိုင်းမှာ သူကကူညီပေးလိမ့်မယ်။

## ဂိဒေါင်နှင့်လူ ၃၀၀ - ဆရာလမ်းညွှန် 3.09

## တရားသူကြီးမှတ်စာ ၇

### အဓိကအချက်များ

၁) ဣသရေလလူမျိုးများဟာ မိဒျန်လူတွေရဲ့ရက်စက်စွာညှဉ်းဆဲခြင်းခံရတဲ့အခါ သူတို့ကိုကူညီဖို့ ဘုရားသခင်ကို အော်ဟစ်ကြပါတယ်။ သူတို့ကို ကယ်တင်ဖို့ ဂိဒေါင်ကို ဘုရားသခင်ရွေးချယ်ခဲ့ပါတယ်။

၂) ဂိဒေါင်ရဲ့တပ်မှာ လူ ၃၂၀၀၀ ရှိပါတယ်။ လူအရမ်းများတယ်လို့ ဘုရားသခင်ကပြောတယ်။ ဘုရားသခင်ကြောင့်စစ်ပွဲကို အောင်နိုင်တာထက် သူတို့အစွမ်း ကြောင့်နိုင်တယ်လို့ ဣသရေလလူတွေက ပြောကြလိမ့်မယ်။

၃) ကြောက်တဲ့သူတွေကို အိမ်ပြန်ကြဖို့ ဂိဒေါင်အားဖြင့် ဘုရားသခင်ကပြောစေခဲ့ပါတယ်။

၄) နောက်တဆင့် ရေဆိပ်ကရေသောက်ကြဖို့ ဘုရားသခင်က ဂိဒေါင်ကိုပြောပါတယ်။ လက်နဲ့ရေကိုခပ်ယူပြီး ခွေးလျက်သောက်သလို သောက်သူတွေကို တပ်ထဲမှာဆက်ထားရှိတယ်။ လူသုံးရာက အဲလိုသောက်ကြတယ်။ တိုက်ပွဲဝင်ဖို့ သူတို့ကျန်ခဲ့တယ်။

၅) ဂိဒေါင်နဲ့သူ့လူတွေဟာ မိဒျန်တပ်နားကိုချဉ်းကပ်သွားကြပြီး၊ တံပိုးခရာကိုမှုတ်ကြတယ်။ အိုးကိုခွဲပြီး “ထာဝရဘုရားနဲ့ဂိဒေါင်ရဲ့ဓား” လို့အော်ဟစ် ကြတယ်။ မိဒျန်လူတွေဟာ အံ့သြကြပြီး၊ ဆူညံသံကြောင့် သူတို့အချင်းချင်းတိုက်ခိုက်ကြပါတော့တယ်။

၆) ဂိဒေါင်နဲ့သူ့လူ ၃၀၀ ဟာ မိဒျန်ခေါင်းဆောင်တွေကိုဖမ်းဆီးပြီး၊ သူတို့ဟာ စစ်ပွဲကိုအောင်မြင်ခဲ့ကြပါတယ်။

### မေးခွန်းများ

၁) ဣသရေလလူမျိုးတွေကို ဘယ်သူတွေက ရက်စက်စွာဆက်ဆံကြသလဲ?

၂) ဣသရေလလူမျိုးတွေကို ကယ်တင်ဖို့ဘုရားသခင်က ဘယ်သူ့ကိုရွေးချယ်ခဲ့သလဲ?

၃) အစပိုင်းမှာ ဂိဒေါင်စစ်တပ်မှာ လူဘယ်နှစ်ယောက်ရှိလဲ?

၄) စစ်တပ်မှာ လူများတယ်လို့ ဘာ့ကြောင့်ဘုရားသခင်က ပြောတာလဲ?

၅) လူအများကြီးကို ဘုရားသခင်က အိမ်ပြန်ခိုင်းပြီးနောက်မှာ စစ်တိုက်ဖို့ လူဘယ်နှစ်ယောက်ကျန်သလဲ?

၆) ဂိဒေါင်ရဲ့တပ်ဟာ ဘယ်လိုပုံစံနဲ့ စစ်ပွဲကိုအောင်မြင်ခဲ့သလဲ?

### အဖြေများ

၁) မိဒျန်လူမျိုးတွေဟာ ဣသရေလလူမျိုးတွေကို ရက်စက်ကြမ်းတမ်းစွာဆက်ဆံကြပါတယ်။

၂) ဣသရေလလူမျိုးတွေကို ကယ်တင်ဖို့ ဘုရားသခင်က ဂိဒေါင်ကိုရွေးချယ်ခဲ့ပါတယ်။

၃) အစပိုင်းမှာ ဂိဒေါင်စစ်တပ်မှာ လူ ၃၂၀၀၀ ရှိပါတယ်။

၄) ဣသရေလလူမျိုးတွေက သူတို့အစွမ်းကြောင့်စစ်နိုင်တယ်လို့ပြောကြလိမ့်မယ်ဆိုတာကို ဘုရားသခင်ကသိပါတယ်။

၅) လူအများကြီးကို ဘုရားသခင်က အိမ်ပြန်ခိုင်းပြီးနောက် စစ်တိုက်ဖို့ လူ ၃၀၀ ကျန်ခဲ့ပါတယ်။

၆) ဂိဒေါင်နဲ့သူ့လူတွေဟာ မိဒျန်တပ်နားမှာ တံပိုးမှုတ်ကြတယ်၊ အိုးကိုခွဲပြီး “ထာဝရဘုရားနဲ့ဂိဒေါင်ရဲ့ဓား” လို့ အော်ကြတယ်။ မိဒျန်လူတွေဟာ အံ့သြ ထိတ်လန့်ကြပြီး အချင်းချင်းတိုက်ခိုက်ကြတယ်။


Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org